# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ

**၁၂၆၀+**
သတ်ဖြတ်ခံရ

**၁၀၁၄၇+**
ဖမ်းဆီးခံခဲ့ရ

**၇၀၁၆+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၅၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

မြန်မာစစ်တပ်သည် တရားဝင်ဖြစ်ရေးအတွက် အပြစ်မဲ့အရပ်သားပြည်သူများကို နိုင်ငံရေး လက်နက်အဖြစ် အသုံးချနေသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းတွင် ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ ရပ်တည်ချက်ကို လျှော့ပါးထိခိုက်စေရန် ထင်ရှားသော NLD ခေါင်းဆောင်များကို ဆက်တိုက် ဖမ်းဆီးထိန်းသိမ်းခြင်း (သို့) နှစ်ရှည်ထောင်ဒဏ် ချမှတ်ခဲ့သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကျော်မင်းယု (ခ) ကိုဂျင်မီသည်အောက်တိုဘာ လကုန်ပိုင်းတွင်အဖမ်းခံခဲ့ရပြီး စစ်ကြောရေးတွင် အကြမ်းဖက်စစ်ဆေးခံခဲ့ရသည်။ ထို့နောက် ကိုဂျင်မီကို ပြင်းထန်သည့် နိုင်ငံတော်သစ္စာဖောက်မှုနှင့် အကြမ်းဖက်မှုပုဒ်မတို့ဖြင့် တရားစွဲခဲ့သည်။ ကိုဂျင်မီရင်ဆိုင်ရသော စွဲချက် ၆ မှုသည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်နှစ် ၃၀ အပြင် သေဒဏ်ပါကျခံနိုင်သည်။

NLD ကရင်ဝန်ကြီးချုပ်ဟောင်း ဒေါ်နန်းခင်ထွေးမြင့် အသက် (၆၇) နှစ် အရွယ်ကို စစ်ခုံရုံးတွင် သီးခြားပြစ်မှု ၅ မှုအတွက် အပြစ်ရှိကြောင်း အမိန့်ချခဲ့သည်။ တစ်မှုလျှင်ထောင်ဒဏ် ၁၅ နှစ် နှုန်းဖြင့် စုစုပေါင်းထောင်ဒဏ် ၇၇ နှစ် ချခဲ့ခြင်းဖြစ်သည်။


ကျန်းမာရေးချို့တဲ့နေသော NLD ပါတီ နာယကအဖွဲ့ဝင် ဦးဝင်းထိန်ကို သွေးထိုးလှုံ့ဆော်မှုကြောင့် စစ်ကောင်စီမှ ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ပြီး နေပြည်တော်ထိန်းသိမ်းရေးစခန်းမှ မန္တလေး အိုးဘိုထောင်သို့ ပြောင်းရွှေ့ခဲ့သည်။

စွဲချက်တင်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ ဖြုတ်ချခံရသော နိုင်ငံရေးသမားများသည် ထိန်းသိမ်းခံနေရဆဲဖြစ်ပြီး ၎င်းတို့ကိုယ်စား မိသားစုဝင်များသည် ဓားစာခံအဖြစ် ဖမ်းဆီးခံ နေရသည်။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း အသက် ၅၁ နှစ်အရွယ် ဦးဝင်းမြင့်လှိုင် နှင့် အတူ ညီဖြစ်သူကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးခံရသည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်သတင်းမှ မကြားသိရပါ။

အာဏာသိမ်းရန်ကြိုးပမ်းသည့်အချိန်မှစ၍ စစ်အာဏာသိမ်းမှုကို လက်မခံဘဲ NLD အပေါ် သစ္စာစောင့်သိသော အစိုးရအရာရှိဟောင်းများကို စစ်ကောင်စီမှ ဆက်လက်နှိမ်နင်းခဲ့သည်။ လွန်ခဲ့သော ရက်ပေါင်း ၉၀ အတွင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG သို့မဟုတ် ပြည်သူ့ကာကွယ်ရေးတပ် PDF နှင့် ဆက်စပ်သော NLD လွှတ်တော်ကိုယ်စားလှယ်များ နှင့် တစ်ခြားပါတီဝင်တို့၏ ပိုင်ဆိုင်မှု ၇၀ ခန့်ကို ချိတ်ပိတ်ခဲ့သည်။

စစ်ကောင်စီသည် ခုခံတော်လှန်ရေးလှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးကို အားပျော့သွားရန် ကြိုးပမ်းခဲ့သော်လည်း စစ်ကောင်စီကို ဖြိုခွင်းရန် ကြိုးပမ်းတွန်းလှန်မှုများမှာ ယိမ်းယိုင်သွားခြင်းမရှိပါ။ စစ်ကောင်စီမှ ပြည်သူတို့၏ လွတ်လပ်ခွင့်အပေါ် ပစ်မှတ်ထားကာ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းဖြင့် ခုခံတွန်းလှန်မှုများကို ဖယ်ရှားရာတွင် ပိုမိုအားကောင်းကြောင်းပြသရန် အပြင်းအထန် ကြိုးပမ်းမှုများသည် ၎င်းတို့ အားနည်းကြောင်းကိုသာ ကိုယ်စားပြုနေသည်။ လူထုမှလည်း စစ်တပ်၏ ရပ်တည်ချက်မှန်သမျှကို တခဲနက်ဆန့်ကျင်နေသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ချင်းပြည်နယ်

ဧပြီလ်တုမှ ရိုက်ကူးထားသောပုံရိပ်များတွင် ချင်းပြည်နယ်ရှိ နေအိမ်များနှင့် ဘုရားကျောင်းများသည် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် မီးလောင်ပျက်ဆီးခဲ့ရသည်ကို တွေ့ရသည်။ အကြမ်းဖက်စစ်ကောင်စီမှ ၎င်းတို့ ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသော်လည်း ဓါတ်ပုံများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ သက်သေထွက်ဆိုချက်များသည် အမှန်တရားကို ဖော်ပြနေသည်။
ခုခံတော်လှန်ရေးတပ်များသည် မိမိတို့ဒေသကို ကာကွယ်ရန် ဆက်လက် ခုခံတိုက်ပွဲဝင်နေကြပြီး ချင်းဒေသကာကွယ်ရေးအဖွဲ့- CDF (မင်းတပ်)၏ အဆိုအရ ၁၀ ရက်အတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၆၀ နီးပါး သေဆုံးခဲ့သည်ဟု သိရှိရသည်။

ချင်းပြည်နယ်တွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများသည် စစ်ကောင်စီ ချန်ခဲ့သော စစ်လမ်းကြောင်းဆိုင်ရာ သက်သေအထောက်အထားများကို မှတ်တမ်းတင်ရန် စိန်ခေါ်မှုများ ဖြစ်စေခဲ့သည်။ အင်တာနက်ဆက်လက်ပိတ်ဆို့ထားသောကြောင့် မှတ်တမ်းရယူရန် ပို၍အဟန့်အတားဖြစ်စေသည်။ အဖွဲ့အစည်းများသည် သက်သေအထောက်အထားများကို အန္တရာယ်အတား အဆီးများကြားတွင် ရယူနေကြရသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်မှ ဒေသခံများသည် လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခံရသည့် နောက်ဆက်တွဲ ပြဿနာများကိုကြုံတွေ့နေရသည်။ စစ်တပ်များချထားခြင်းကြောင့် အကြောက်တရားနှင့် မသေချာမရေရာမှုကို ဖြစ်ပေါ်စေပြီး အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများကို ဖိအားပေးရပ်ဆိုင်းခံထားရသည်။ မတ်လကတည်းမှ စတင်၍ လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကူးစက်ခံရမည်ကိုစိုးရိမ်သောကြောင့် စစ်ဘေးရှောင်များသည် IDP စခန်းကိုစွန့်ခွာ၍ နေရပ်သို့ပြန်နေကြသည်။ ပဋိပက္ခနှင့် ကူးစက်ရောဂါအပြင် ငွေကြေးဖောင်းပွမှုကြောင့် ဒေသခံများထံသို့ အခြေခံလိုအပ်ချက်များ မရသကဲ့သို့ ရောက်ရှိခြင်းလည်း မရှိပါ။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် တစ်ခြားသော ဒေသများကဲ့သို့ပင် အကြမ်းဖက်စစ်တပ်၏ အသက်ရှင်သန် နိုင်ရေးကို ခြိမ်းခြောက်သည့် ရက်စက်ကြမ်းကြုတ်သော ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ရင်ဆိုင် နေရသည်။ ပြီးခဲ့သည့်နှစ်ရက်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး မြေလှန်နည်းဗျူဟာကြောင့် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သူ ၄၀,၀၀၀ နီးပါးထွက်ပြေးခဲ့ရသည်။ ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် ရွာပေါင်း ၂၀ မှ ဒေသခံ ၁၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အကြမ်းဖက်စစ်သားများမှ အစားအသောက်များ ယူပြီးနောက် သက်ကြီးအမျိုးသမီးတစ်ဦး အဓမ္မပြုကျင့်ခဲ့သည်။ အသက် ၆၂ အရွယ် အမျိုးသမီးကြီးသည် တစ်ခြားအဖော်အမျိုးသမီးနှင့် အတူနေအိမ်တွင်နေထိုင်စဉ် စစ်သား ၃ ဦးမှ လာရောက်ခဲ့ပြီး ပြန်သွားခဲ့သည်။ အဖော်အမျိုးသမီးမှ ဝက်စာသွားယူနေစဉ် စစ်သားတစ်ဦးမှ ပြန်လာပြီး အဓမ္မပြုကျင့်ခဲ့သည်။

မြေပြင်မှာအသက်စွန့်ပြီး တိုက်ပွဲဝင်နေတဲ့ လူငယ်တွေကို ပြည်သူတွေ မမေ့စေချင်ပါဘူး။ ကျွန်တော်တို့တွေ ဒီနေရာမှာ ရှိနေတုန်းပါဘဲ။

အရပ်သားလက်နက်ကိုင် ခုခံတော်လှန်ရေးတွင် ပူးပေါင်းပါဝင်သော ဩဇ္ဈလမ်းညွှန်ဟောင်း
ဂူးဂူး



လွတ်မြောက်နယ်မြေမှာရှိတဲ့ စစ်သင်တန်းကျောင်းကနေ့ရက်တွေက ရှည်လျားပြီးပင်ပန်းတယ်။ နံနက် ၄ နာရီထပြီး ဘောလုံးကွင်းကို ၁၀ ပတ် ပြေးရတယ်။ လေ့ကျင့်ခန်းတွေ ပိုလုပ်ရတယ်။ နံနက်စာကတော့ အသင့်စားခေါက်ဆွဲ သို့ မဟုတ် ထမင်းစားရတယ်။သင်တန်းမှာ စစ်ရေးနည်းဗျူဟာတွေ၊ လက်နက်အသုံးပြုပုံနဲ့ တောထဲမှာ ဘယ်လိုရှာဖွေစားသောက်ရမယ်ဆိုတာပါတယ်။ *Source: courtesy Gue Gue/ Reuters*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## နိုဝင်ဘာ ၈ ရက်နေ့

၈၈ မျိုးဆက်ခေါင်းဆောင် ကိုဂျင်မီကို အကြမ်းဖက်မှု ဥပဒေပုဒ်မ အပါအဝင် ဥပဒေပုဒ်မ ၆ ခုဖြင့် စစ်ကောင်စီမှ အမှုဖွင့်ခဲ့သည်။

## နိုဝင်ဘာ ၉ ရက်နေ့

NLD ပါတီ နာယကအဖွဲ့ဝင် အသက် ၈၀ ကျော်အရွယ် ဦးဝင်းထိန်ကို စစ်ကောင်စီ က ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ပြီး နေပြည်တော် အချုပ်ထောင်မှ မန္တလေး အိုးဘိုထောင်သို့ ပို့ခဲ့သည်။

## နိုဝင်ဘာ ၁၀ ရက်နေ့

အကြမ်းဖက်တပ်မတော်သည် အပြစ်မဲ့ ပြည်သူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ဆက်လက် ချုံခိုတိုက်ခိုက်နေပြီး အရပ်သားပြည်သူတို့၏ နေအိမ်များကို လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် မီးရှို့ခြင်းကြောင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း အမျိုးသားညီညွတရေး အစိုးရ NUG မှထုတ်ပြန်ခဲ့သည်။

## နိုဝင်ဘာ ၁၁ ရက်နေ့

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ချက်ချင်းအဆုံးသတ်ရေးနှင့် အရပ်သားများ၏ အသက်အိုးအိမ်များကို ဘေးကင်းစိတ်ချလုံခြုံအောင်ဆောင်ပေးရှက်ပေးရေးတို့ကို ထုတ်ပြန်တောင်းဆိုခဲ့သည် ။ အားနည်းချက်များစွာရှိသော အဆိုပါထုတ်ပြန်တောင်းဆိုချက်ကြောင့် အရပ်ဘက်အဖွဲ့အစည်းများမှ စိတ်ပျက်မိကြောင်း ထုတ်ပြန်ခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## နိုဝင်ဘာ ၁၂ ရက်နေ့

မြန်မာတွင် ဖမ်းဆီးခံထားရသော အမေရိကန် သတင်းထောက် Danny Fenster သည် စစ်အစိုးရ၏ ပြောင်ပြောင်တင်းတင်း စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရပြီး ပြစ်မှုထင်ရှားပါက ၎င်းသည် ထောင်ထဲတွင် ဆယ်စုနှစ် 5 ခုကြာ နေရမည်ဖြစ်သည်။ Danny နံနက်စောစောတွင် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခံခဲ့ရသည်။

## နိုဝင်ဘာ ၁၃ ရက်နေ့

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများဖြင့် ပံ့ပိုးပေးခြင်းကို ပိုမိုလုပ်ဆောင်ရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုခဲ့သည်။

## နိုဝင်ဘာ ၁၄ ရက်နေ့

စစ်ကောင်စီမှခန့်အပ်ထားသော အစိုးရဌာနအသီးသီးမှ အုပ်ချုပ်ရေးအဆင့်ရာထူးရှိသူများကို ရာထူးမှ ချက်ခြင်းနုတ်ထွက်ရန် NUG ယာယီ ဥက္ကဌ မှတောင်းဆိုလိုက်သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma